**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

စာအမှတ်၊ ၂၄၃၁ / ၁-၁ (စု-၄၀) / ၂၀၁၉
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

**ရှေ့နေရှေ့ရပ်နှင့် နိုတြီပဗ္ဗလစ်များ၏ လုပ်ငန်းဆောင်ရွက်ရာတွင်**
**လိုက်နာဆောင်ရွက်ရန်ကြေညာချက်**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၄-၁၁-၂၀၁၉ ရက်စွဲပါအမိန့်အမှတ် ၄၅/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်၏ အပိုဒ် (၃၀) တွင် ရှေ့နေ၊ နိုတြီပဗ္ဗလစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သည့်အခါ သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူ ထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့ကတောင်းဆိုသော အခြားသတင်းအချက်အလက်များကို တင်ပြရမည် ဟု ဖော်ပြပါရှိပါသည်။

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄) ၏ ပုဒ်မ ၃ ပုဒ်မခွဲ (င) ၌ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သတင်းပို့အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားရှိပါသည်။

၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကိစ္စနှင့် စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းတွင် ပါဝင်နေသော ရှေ့နေရှေ့ရပ်များနှင့် နိုတြီပဗ္ဗလစ်များသည် မိမိအမှုသည်၏ ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှုတို့ကို ဆောင်ရွက်ပေးရာတွင် အောက်ပါအချက် တစ်ရပ်ရပ်ကိုတွေ့ရှိလျှင် ၎င်းတို့၏ဆောင်ရွက်ချက်များကို အမည်နှင့်တကွ ပစ္စည်းတန်ဖိုးကို လျှို့ဝှက်အဆင့်သတ်မှတ်၍ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်ဖြစ်ပါသည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်း ရောင်းချခြင်း၊ ဝယ်ယူခြင်း။

(ခ) အမှုသည်၏ ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့် ပစ္စည်းများအား စီမံခန့်ခွဲခြင်း။

(ဂ) ဘဏ်များ၊ စုငွေများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ စာရင်းကို စီမံခန့်ခွဲခြင်း။

(ဃ) ကုမ္ပဏီများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း။

(င) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများ ဝယ်ယူခြင်းနှင့်ရောင်းချခြင်း။

၄။ ထို့ပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၂ တွင် သတင်းပို့အဖွဲ့အစည်းများသည် သတင်းပို့ရန် သတ်မှတ်ထားသည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက် ကျော်လွန်သောငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုများဖြစ်လျှင် သို့မဟုတ် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်ပတ်သက်သည်ဟုသော်လည်းကောင်း သံသယဖြစ်ဖွယ်အကြောင်းရှိလျှင် ယင်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်နည်းလမ်းများအတိုင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်ဟုဖော်ပြပါရှိပြီး၊ ပေးပို့ခြင်းမရှိပါက ယင်းဥပဒေပုဒ်မ ၄၆ အရ အရေးယူခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်ပင်အဖြစ်ဖြင့် လွှတ်တော်ရှေ့နေများနှင့် အထက်တန်းရှေ့နေများအားလုံးသည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သံသယဖြစ်ဖွယ်စာချုပ်စာတမ်းသတင်းများ ပေးပို့ရန်နှင့် သတင်းများပေးပို့ခြင်းမရှိပါက ယင်းဥပဒေပုဒ်မ ၄၆ အရ အရေးယူခံရမည်ဖြစ်ကြောင်း သိရှိနိုင်ရန်နှင့် လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးကြေညာလိုက်ပါသည်။

အမိန့်အရ

(တင်နွယ်စိုး)

ညွှန်ကြားရေးမှူးချုပ်